# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 21 , 2023 Volume 73, Number 14


၂၁.၁၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၄၁ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၁၀၀၀၀ |
| ဒေါ်လာဈေး | = ၃၄၉၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၁.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၉.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၈.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၀.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၂၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၄၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၂၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၀.၈၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၁၆၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## မြန်မာ့ပျားရည် ဂျပန်အများဆုံးတင်သွင်း



မြန်မာနိုင်ငံမှာ မွေးမြူထုတ်လုပ်တဲ့ပျားရည်ကို ပြည်ပနိုင်ငံတွေထဲမှ ဂျပန်နိုင်ငံက တန်ချိန်အများဆုံး တင်သွင်းထားကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်အောက်က ပျားလုပ်ငန်းဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲကနေ သိရပါတယ်။

ယခုဘဏ္ဍာနှစ် နိုဝင်ဘာလကုန်အထိ ၈ လအတွင်း ပြည်ပနိုင်ငံတွေထံ ပျားရည် မက်ထရစ်တန် (၁၄၄ ဒသမ ၁၂) တန်ထဲမှာ ဂျပန်နိုင်ငံရဲ့ တင်သွင်းမှုက (၉၄၈ ဒသမ ၉၂) မက်ထရစ်တန်အထိ ရှိခဲ့ပါတယ်။

ပြည်ပနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ ဂျပန်၊ တောင်ကိုရီးယားနဲ့တရုတ်နိုင်ငံတို့သို့ မြန်မာ့ ပျားရည်ကို အဓိကထားပြီး တင်ပို့ပါတယ်။ ဂျပန်နိုင်ငံက ဝယ်လိုအားအများဆုံးရရှိ ထားတယ်လို့ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးက ပြောပါတယ်။

ဧပြီလ ၁ ရက်ကနေ နိုဝင်ဘာလကုန်အထိ ပြည်ပသို့ပျားရည်မက်ထရစ်တန် (၁၄၀၀) ကျော် တင်ပို့ထားပြီး ပို့ကုန်ဝင်ငွေအဖြစ် အမေရိကန်ဒေါ်လာ (၂ ဒသမ ၁၆၂) သန်းကျော် ရရှိထားပါတယ်။

ပျားရည်ကို ပုဂ္ဂလိကကဏ္ဍကနေ ပြည်ပဈေးကွက်သို့ ပင်လယ်ရေကြောင်းနဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွေကတစ်ဆင့် တင်ပို့နေတာဖြစ်ပြီး ပုံမှန် ကုန်သွယ်ရေး (ပင်လယ်ရေကြောင်း) မှ (၁၂၉၁ ဒသမ ၁၂) မက်ထရစ်တန်နဲ့ နယ်စပ် ကုန်သွယ်ရေးမှ မက်ထရစ်တန် (၁၅၀) တင်ပို့ထားပါတယ်။

ပျားရည်ကို ပြည်တွင်းမှာ ဆေးဝါးအဖြစ် အသုံးပြုသလို ပြည်ပဈေးကွက်ဆီ တင်ပို့ရောင်းချနိုင်တာကြောင့် နိုင်ငံခြားဝင်ငွေ ရရှိနေကြောင်း ပျားမွေးမြူဖွံ့ဖြိုးရေး ဌာနခွဲ တာဝန်ရှိသူကပြောပါတယ်။

ပြည်ပဈေးကွက်အတွင်း မြန်မာ့ပျားရည်တစ်တန်ပေါက်ဈေးက အမေရိကန်ဒေါ်လာ ၂၅၀၀ ကနေ ၃၀၀၀ အကြား ရရှိနေပြီး ပျားရည်ထုတ်လုပ်မှုက နှစ်စဉ် တန်ချိန် ၃၀၀၀ ခန့်အထိရှိပါတယ်။

လက်ရှိမှာ ပျားလုပ်ငန်းဌာနက မြို့နယ် ၃၁ မြို့နယ်မှာ အစိုးရပိုင် ပျားမွေးမြူရေးစခန်း ၃၁ ခု ဖွင့်လှစ်ထားပါတယ်။ မြန်မာ့ပျားရည်ကို ဂျပန်၊ ထိုင်း၊ ကိုရီးယားနိုင်ငံတွေအပြင် တရုတ်၊ ဆော်ဒီအာရေဗျ၊ အမေရိကန်၊ စင်ကာပူနဲ့ဥရောပဈေးကွက်တွေဆီ တင်ပို့ရောင်းချလျက်ရှိပါတယ်။

Source: BETV Business

## မြစ်သားကြက်သွန်နီအပင်စိုက်များ စတင်ထွက်ပေါ်နေပြီး ဈေးကောင်းရနေ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ လွန်ကျော်၊ ပေတော၊ စမြောင်ကျေးရွာများတွင် ရွှေဖလားမျိုးကြက်သွန်နီများကို  စိုက်ပျိုးကြသည်။ တစ်ဧကေကုန်ကျစရိတ်မှာ ၃၀ သိန်းမှ ၄၀ သိန်းထိ ကုန်ကျပြီး၊ စိုက်ခင်းများ ရောဂါပိုးဝင်လျှင် သွင်းအားစုပိုများ၍ ရောဂါပိုးမရှိလျှင် အကုန်အကျသက်သာပြီး သွင်းအားစုနည်းကြောင်း ကြက်သွန်နီစိုက် တောင်သူများထံမှသိရသည်။

ယခုအခါ တော်သလင်းလဆန်းပိုင်းကစိုက်သော အပင်စိုက်ကြက်သွန်နီများ စတင်ထွက်ပေါ်နေပြီး၊ ပွဲစား၊ ကုန်သည်များက ကျေးရွာစိုက်ခင်းများအထိဆင်း၍ ဝယ်ယူနေပြီး၊ တစ်ပိဿာလျှင် တောဈေး ၂၅၀၀ မှ ၂၈၀၀ နှုန်းဖြင့်ဝယ်ယူနေကြောင်း၊ တစ်ဧကအထွက်နှုန်း ပျမ်းမျှကုန်ချိန် ပိဿာ ၂၅၀၀ မှ ၃၀၀၀ နှုန်းထွက်ရှိကြောင်း၊ ပွဲစားများကဝယ်ယူသော ကြက်သွန်နီများကို ကျောက်ဆည်နှင့်မန္တလေးပွဲရုံများသို့တင်ပို့ကြောင်း၊ ယခုနှစ်တွင် သွင်းအားစုများမြင့်တက်သော်လည်း ဈေးကောင်းရရှိသောကြောင့် အကျိုးအမြတ်များစွာရရှိကြောင်း ပေတောကျေးရွာ ကြက်သွန်နီစိုက်တောင်သူ ဦးဇော်ဝင်းထွန်း၏ ပြောပြချက်အရ သိရသည်။

Source: **မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်းများ ယခင်ပတ်နှင့်ယခုပတ် နှိုင်းယှဉ်မှုအခြေအနေ

ဒီဇင်ဘာလ တတိယပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော လယ်ယာထွက်ကုန် သီးနှံများဖြစ်သော ဂျုံဖြူသန့်၊ ဂျုံထွက်တိုးနှင့် CP ပြောင်းဖူးစေ့ ဈေးငြိမ်၍ မတ်ပဲ၊ ပဲတီစိမ်းကြီး/သေး၊ ပဲနီလုံးရိုးရိုး၊ ပဲနီလုံးကြား၊ ပြောင်းနီ၊ ကုလားပဲဖြူလုံးကြီး၊ ကုလားပဲဖြူ လုံးသေး၊ ကုလားပဲထိုင်ဝမ်၊ ကုလားပဲ 929၊ ပဲလွန်းပြာနှင့် ပဲလွန်းဖြူ ဈေးနှုန်းများ ဈေးမြင့်တက် နေပြီး၊ ပဲကြီးနှင့် ပဲပုပ်စေ့ဈေးနှုန်းများ ကျဆင်းနေကြောင်းသိရသည်။ ယခုတစ်ပတ်အတွင်း သီးနှံ တစ်တင်းပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် (၆၀၀၀၀) ကျပ်၊ ဂျုံထွက်တိုး (၅၂၀၀၀)ကျပ်၊ ပဲကြီး (၁၃၂၀၀၀)ကျပ်၊ မတ်ပဲ (၉၃၅၀၀)ကျပ်၊ ပဲတီစိမ်းကြီး (၄၅၀၀၀-၅၁၅၀၀) ကျပ်၊ ပဲတီစိမ်း သေး (၄၂၀၀၀- ၄၅၀၀၀)ကျပ်၊ ပဲပုပ်စေ့ (၆၅၀၀၀)ကျပ်၊ ပဲနီလုံးရိုးရိုး (၅၀၀၀၀-၅၂၀၀၀)ကျပ်၊ ပဲနီလုံးကြား (၅၄၀၀၀) ကျပ်၊  CP ပြောင်းဖူးစေ့ (၁၈၀၀၀) ကျပ်၊ ပြောင်းနီ (၂၀၀၀၀) ကျပ်၊ ကုလားဖြူလုံးကြီး (၉၂၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး (၉၃၅၀၀)ကျပ်၊ ကုလားပဲ 929 (၈၉၀၀၀) ကျပ်၊ ကုလားပဲ ထိုင်ဝမ် (၈၈၅၀၀)ကျပ်၊ ပဲလွန်းပြာ (၆၉၀၀၀) ကျပ်၊ ပဲလွန်းဖြူ (၆၀၀၀၀-၆၄၀၀၀ )ကျပ် ပေါက်ဈေးရှိကြောင်း သိရသည်။ ယခင်လကာလတူအချိန် ပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် (၆၀၀၀၀)ကျပ်၊ ဂျုံထွက်တိုး (၅၂၀၀၀)ကျပ်၊ ပဲကြီး (၁၃၄၀၀၀) ကျပ်၊ မတ်ပဲ (၉၀၀၀၀) ကျပ်၊ ပဲတီစိမ်းကြီး (၅၁၀၀၀) ကျပ်၊ ပဲတီစိမ်းသေး (၄၀၀၀၀-၄၅၀၀၀)ကျပ်၊ ပဲပုပ်စေ့ (၆၇၀၀၀)ကျပ်၊ ပဲနီလုံးရိုးရိုး (၄၈၀၀၀-၅၀၀၀၀)ကျပ်၊ ပဲနီလုံးကြား (၅၁၅၀၀) ကျပ်၊ CP ပြောင်းဖူးစေ့ (၁၈၀၀၀) ကျပ်၊ ပြောင်းနီ (၁၉၅၀၀) ကျပ်၊ ကုလားဖြူလုံးကြီး (၉၀၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး (၉၁၅၀၀) ကျပ်၊ ကုလားပဲ 929 (၈၇၀၀၀)ကျပ်၊ ကုလားပဲ ထိုင်ဝမ် (၈၇၀၀၀) ကျပ်၊ ပဲလွန်းပြာ (၆၃၀၀၀) ကျပ်၊ ပဲလွန်းဖြူ (၆၀၀၀၀-၆၃၀၀၀)ကျပ် ပေါက်ဈေးရှိ၍ ယခုတစ်ပတ်

အတွင်း ကာလတူအချိန်နှင့် နှိုင်းယှဉ်ပါက မတ်ပဲ တစ်တင်းလျှင် (၃၅၀၀) ကျပ်၊ ပဲတီစိမ်းကြီး တစ်တင်းလျှင် (၅၀၀)ကျပ်၊ ပဲတီစိမ်းသေး တစ်တင်းလျှင် (၂၀၀၀) ကျပ်၊ပဲနီလုံးရိုးရိုး တစ်တင်းလျှင် (၂၀၀၀) ကျပ်၊ ပဲနီလုံးကြား တစ်တင်းလျှင် (၂၀၀၀) ကျပ်၊ ပြောင်းနီ တစ်တင်းလျှင် (၅၀၀) ကျပ်၊ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် (၂၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး တစ်တင်းလျှင် (၂၀၀၀)ကျပ်၊ ကုလားပဲ 929 (၂၀၀၀)ကျပ်၊ ကုလားပဲထိုင်ဝမ် တစ်တင်း (၁၅၀၀)ကျပ်၊ ပဲလွန်းပြာ တစ်တင်း (၆၀၀၀)ကျပ်၊ ပဲလွန်းဖြူ တစ်တင်း (၁၀၀၀)ကျပ် နှုန်းမြင့်တက်နေပြီး၊ ပဲကြီးတစ်တင်းလျှင် (၂၀၀၀) ကျပ်၊ ပဲပုပ်စေ့ တစ်တင်းလျှင် (၂၀၀၀) ကျပ်နှုန်းများ အနည်းငယ်ကျဆင်းနေကြောင်းသိရသည်။

**Source: စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှုးရုံး (မုံရွာ)**

## ကျောက်ဆည်ဒေသထွက် ပဲမြစ်များ အရောင်းအဝယ်ဖြစ်လျက်ရှိ



ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးလက်ဒေသများတွင် ရာသီချိန်သီးနှံအဖြစ် ပဲမြစ်များကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိရာ ကျေးရွာများရှိ တောင်သူများသည် ပဲမြစ်ကို နှစ်စဉ် စိုက်ပျိုးလာကြကြောင်း၊ ကျောက်ဆည်ခရိုင်မှစိုက်ပျိုးထွက်ရှိလာသော ပဲမြစ်များသည် အခြားဒေသမှထွက်ရှိသော ပဲမြစ်များထက် အရွယ်အစားသေးငယ်ပြီး အရသာမှာဆိမ့်ပြီး စေးပိုင်နေသောကြောင့် ဆောင်းရာသီ ပဲမြစ်ပေါ်ချိန်တွင် ကျောက်ဆည်ခရိုင်အတွင်းရှိ ဒေသထွက်ပဲမြစ်များမှာ လူသိထင်ရှားပြီး စားသုံးသူအဝယ်များကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ထွက်ရှိလာသောပဲမြစ်များကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့်အနယ်နယ်အရပ်ရပ်ရှိ မြို့ကြီးများသို့ ရောင်းချလျက်ရှိကြောင်း၊ ပဲမြစ်ကို ဇွန်၊ ဇူလိုင်လများတွင် စိုက်ပျိုး၍ နိုဝင်ဘာလနှင့်ဒီဇင်ဘာလများတွင် တူးဖော်ရောင်းချလျက်ရှိကြောင်း၊ စိုက်ပျိုးရာတွင် ဘောင်များပြုလုပ်၍ အစေ့ချစိုက်ပျိုးပြီး မျိုးအနေဖြင့် (၁) ကေလျှင် နှစ်တင်းခွဲနှုန်း အသုံးပြုပါကြောင်း၊ ပဲမြစ်မျိုးကို မလှိုင်မျိုးနှင့်ဝက်ဝံမျိုးများကို အများဆုံးစိုက်ပျိုးပြီး တစ်တင်းလျှင် (၂၅၀,၀၀၀)ကျပ်ရှိကြောင်း၊ တစ်ကေကုန်ကျစရိတ်မှာ (၁,၅၀၀,၀၀၀) ကျပ် ဝန်းကျင်ခန့်ရှိကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ကေ ပျမ်းမျှပိဿာ (၈၀၀-၉၀၀) ပိဿာခန့် ထွက်ရှိပြီး ပဲမြစ်စတင်ပေါ်ချိန်တွင် တစ်ပိဿာလျှင် (၅,၅၀၀ မှ ၆,၀၀၀) ကျပ်ရှိပြီး ယခုအချိန် ပဲမြစ်များလှိုင်လှိုင်ပေါ်ချိန်တွင် တစ်ပိဿာလျှင် (၃,၀၀၀-၃,၅၀၀) ကျပ် ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ တစ်ကေ အကျိုးအမြတ်အနေဖြင့် (၈,၅၀,၀၀၀-၉,၀၀,၀၀၀) ကျပ် ဝန်းကျင်ခန့်ရရှိကြောင်း ပဲမြစ်စိုက်ပျိုးသူ တောင်သူတစ်ဦး၏ ပြောပြချက်အရသိရသည်။

**DOCA (မန္တလေး)**

**Source:** https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%80%E1%80%

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်းများ ယခင်ပတ်နှင့်ယခုပတ်နှိုင်းယှဉ်မှုအခြေအနေ

ဒီဇင်ဘာလ တတိယအပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ နှမ်းနက်၊ နှမ်းညို၊ နှမ်းဝါဈေးနှုန်းများငြိမ်နေပြီး မြေပဲလုံးဆန်ဖြူနှင့် ဆီဆန်ဈေးနှုန်းများ ဈေးမြင့်နေကြောင်းသိရသည်။ ယခုအပတ်တွင်း နှမ်းညိုတစ်တင်းလျှင် (၈၇,၀၀၀) ကျပ်၊ နှမ်းဝါတစ်တင်းလျှင် (၈၈,၀၀၀)ကျပ်၊ နှမ်းဖြူ တစ်တင်းလျှင် (၉၄,၀၀၀-၁,၀၇,၀၀၀)ကျပ်၊ နှမ်းနက်တစ်တင်းလျှင် (၉၈,၀၀၀- ၁,၁၆,၀၀၀) ကျပ်ဖြစ်ကာ ယခင်ပတ်ကာလတူ ပေါက်ဈေးနှုန်းမှာ နှမ်းညိုတစ်တင်းလျှင် (၈၇,၀၀၀) ကျပ်၊ နှမ်းဝါတစ်တင်းလျှင် (၈၈,၀၀၀)ကျပ်၊ နှမ်းဖြူတစ်တင်းလျှင် (၉၂,၀၀၀-၁,၀၈,၀၀၀) ကျပ်၊ နှမ်းနက်တစ်တင်းလျှင် (၉၈,၀၀၀ -၁,၁၆,၀၀၀) ကျပ်ရှိ၍ ယခင်ပတ် ကာလတူအချိန်နှင့် နှိုင်းယှဉ်ပါက ဈေးငြိမ်နေကြောင်း သိရသည်။

ယခုအပတ်တွင်း မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ (၆,၂၀၀-၆,၅၀၀)ကျပ် မြေပဲဆီဆန်ဖြူ တစ်ပိဿာ (၅,၈၅၀) ကျပ်ရှိပြီး ယခင်ပတ်ကာလတူပေါက်ဈေးနှုန်းမှာ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ (၆၀၀၀)ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ (၅,၆၅၀) ကျပ်၊ ယခုအပတ် ကာလတူအချိန်နှင့် နှိုင်းယှဉ်ပါက မြေပဲလုံးဆန်ဖြူနှင့် မြေပဲဆီဖြူမှာ ဈေးအနည်းငယ်မြင့်တက်နေကြောင်းသိရသည်။ ယခုတစ်ပတ်တွင် ပဲဆီ တစ်ပိဿာ (၁၂,၅၀၀)ကျပ်၊ နှမ်းဆီ တစ်ပိဿာ (၁၂,၀၀၀) ကျပ်ဖြစ်ပြီး ပဲဖတ် တစ်ပိဿာ ၂,၄၂၀ကျပ်၊ နှမ်းဖတ် တစ်ပိဿာ ၂,၃၂၅ ကျပ်ဖြင့် ရောင်းဝယ်နေကြောင်းသိရပါသည်။

**Source: စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)**

## အိန္ဒိယကို ကြက်သွန်နီရောင်းချပေးဖို့ နီပေါနိုင်ငံပန်ကြားမည်




အိန္ဒိယအစိုးရသည်ဂျုံ၊ ဆန်နှင့် သကြားတို့ကို ပြည်ပတင်ပို့မှု တားမြစ်ပြီးနောက် ဒီဇင်ဘာ ၈ ရက်တွင် ကြက်သွန်နီကို ပြည်ပတင်ပို့မှု တားမြစ်လိုက်သည်။

လာမည့်နှစ် ရွေးကောက်ပွဲမတိုင်မီ ပြည်တွင်းကုန်ဈေးနှုန်းများ ဈေးမတက်အောင် ထိန်းထားရန် ရည်ရွယ်သည်။

နီပေါနိုင်ငံသည် ကြက်သွန်နီလိုအပ်ချက် အားလုံးနီးပါးကို အိမ်နီးချင်း အိန္ဒိယထံမှ ဝယ်ယူတင်သွင်းသည်။

ယခုအခါ အိန္ဒိယကြက်သွန်နီ မဝင်တော့သဖြင့် နီပေါအတွက် ကြက်သွန်နီ မလုံမလောက်ဖြစ်လာသည်။ ဟင်းလျာ ချက်ပြုတ်ရာတွင် မပါမပြီးသည့် ကြက်သွန်နီကို နီပေါအစိုးရက အိန္ဒိယထံမှ ဝယ်ယူခွင့်ရဖို့ အိန္ဒိယအစိုးရထံ ပန်ကြားမည် ဖြစ်သည်။ "ကြက်သွန်နီ ကုန်သည်တွေရဲ့ တောင်းဆိုချက်အရ နီပေါကို ကြက်သွန်နီပို့ဖို့ အိန္ဒိယအစိုးရထံ ပန်ကြားဖို့ ဆုံးဖြတ်ထားပါတယ်" ဟု တာဝန်ရှိသူတဦးက ပြောကြားသည်။

အိန္ဒိယအစိုးရ၏ ညွှန်ကြားစာအရ အခြားနိုင်ငံများ၏ ပန်ကြားချက်များအပေါ်မူတည်ပြီး အိန္ဒိယအစိုးရ၏ ခွင့်ပြုချက်ဖြင့် ကြက်သွန်နီတင်ပို့ခွင့်ကို ခွင့်ပြုပေးမည်ဖြစ်သည်။

အခြားနိုင်ငံက ကြက်သွန်နီတင်သွင်းနိုင်ရန် ကြက်သွန်တင်သွင်းသူများနှင့်လည်း ဆွေးနွေးနေသည်ဟု နီပေါအစိုးရ တာဝန်ရှိသူများက ပြောကြားသည်။

သို့သော် အိန္ဒိယမှတပါး အခြားနိုင်ငံများမှ ကြက်သွန်နီများကို အမြောက်အမြား တင်သွင်းနိုင်ဖို့ ခဲယဉ်းသည်။ နီပေါသည် ကုန်းတွင်းပိတ်နိုင်ငံဖြစ်နေပြီး ကြက်သွန်နီသည် ပုပ်သိုးပျက်စီးလွယ်သည်ဟု အစိုးရတာဝန်ရှိသူတဦးက ပြောကြားသည်။ "ဒါပေမဲ့ အိန္ဒိယအစိုးရရဲ့ ခွင့်ပြုချက်ရဖို့ အချိန်ယူရရင် တရုတ်အပါအဝင် တခြားနိုင်ငံတွေက တင်သွင်းဖို့ ရွေးချယ်ရတော့မှာ ဖြစ်ပါတယ်" ဟု ၎င်းကပြောကြားသည်။

အိန္ဒိယအစိုးရက ကြက်သွန်နီတင်ပို့မှု ပိတ်ပင်လိုက်ချိန်မှာ ကြက်သွန်နီ တစ်ကီလိုဂရမ် နီပေါရူပီး ၂၀၀ အထိ မြင့်တက် သွားသည်။ ယခုအခါ လက်လီဈေးနှုန်း တစ်ကီလို နီပေါရူပီး ၁၅၀-၁၆၀ မှာ ရှိနေသည်။ တားမြစ်ပိတ်ပင်မှုကြောင့် နယ်စပ် ဝင်ထွက်ပေါက်များမှတစ်ဆင့် မှောင်ခိုကုန်ကူးမှုတိုးလာသည်ဟု ကုန်သည်များကပြောသည်။ ရဲတပ်ဖွဲ့မှ ဖမ်းဆီးအရေးယူ ထားသည့်အမှုများလည်း ရှိနေသည်။

အိန္ဒိယက ကြက်သွန်နီ တင်ပို့ခွင့်ပိတ်ပင်ထားသော်လည်း Kalimati သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ဈေးသို့ ဒီဇင်ဘာလ ၁၇ ရက်တွင် အိန္ဒိယကြက်သွန်တန်ချိန် ၂၀ ရောက်ရှိလာသည်။ “ကြက်သွန်နီတွေ တန် ၂၀ ဝင်တယ်။ ဘယ်က လာမှန်းတော့ မသိဘူး”ဟု Kalimati ဈေးကြီး၏ ပြန်ကြားရေးဌာနမှ တာဝန်ခံအရာရှိက ပြောကြားသည်။ “ကုန်သည်တွေက သူတို့ရဲ့ အဆက်အသွယ်တွေကတစ်ဆင့် ကြက်သွန်နီတွေ ပို့ပေးနေတယ်။ အရင်တုန်းကသွင်းထားတဲ့ အဟောင်းတွေလား၊ ဒါမှမဟုတ် အခုမှ ခိုးသွင်းတာလား အသေအချာမသိနိုင်ဘူး"ဟု ၎င်းကပြောကြားသည်။ တရုတ်ကြက်သွန်နီ တန်ချိန်အနည်းငယ်သည် ရက်ပိုင်းအတွင်း ဈေးကွက်သို့ရောက်ရှိနိုင်ကြောင်း ကုန်သည်များက ပြောကြားကြသည်။

နီပေါတွင် တရုတ်ကြက်သွန်ကို အရသာမကြိုက်ကြသဖြင့် လူကြိုက်နည်းသည်။ ရောင်းပန်းမလှဟု ကုန်သည်များက ပြောကြားသည်။ ဈေးဝယ်သူတို့က ဈေးသက်သာသည့် တရုတ်ကြက်သွန်အစား အိန္ဒိယကြက်သွန်ကို ဈေးပိုပေးဖို့ ဝန်မလေးကြဟု အာလူး-ကြက်သွန်သွင်းကုန်နှင့်လက်ကားရောင်းချသူများအသင်းဥက္ကဋ္ဌ Mohan Baniya က ပြောသည်။

Source kathmandupost

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/7317-asia-onion.html

## အိန္ဒိယတွင် ကြက်သွန်နီ ပြည်ပတင်ပို့မှုပိတ်ပင်ပြီးနောက် နှစ်ပတ်အတွင်း ဈေးနှုန်းထက်ဝက်ကျဆင်း



အိန္ဒိယအစိုးရက ကြက်သွန်နီ ပြည်ပတင်ပို့မှုကို ဒီဇင်ဘာလ ၇ ရက်တွင် စတင်တားမြစ်ပြီးနောက် ကြက်သွန်နီ လက်ကားဈေးနှုန်း ၅၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

တားမြစ်ချက်ကြောင့် ချက်ချင်းဈေးကျသွားခဲ့ပြီးနောက် ဝယ်လိုအားက ဈေးနှုန်းကို ယာယီအားဖြင့် တည်ငြိမ်စေမည်ဟု ကုန်သည်များက ခန့်မှန်းထားသည်။

ကြက်သွန်နီ အသစ်ပေါ်သည့်ရာသီဖြစ်သဖြင့် ဈေးကွက်ထဲ ကြက်သွန်နီ အသစ်များ ဝင်လာသည်။ အချို့တောင်သူများက ဈေးအကျနှင့်ကြုံနေသဖြင့် အနည်းအကျဉ်းသာ ထုတ်ရောင်းကြသည်။

ကြက်သွန်နီ ပျမ်းမျှလက်ကားဈေးနှုန်းသည် ပြည်ပတင်ပို့မှု ပိတ်ပင်ခါနီးတွင် တစ်ကီလို ရူပီး ၃၉-၄၀ ရှိခဲ့ရာမှ ပြည်ပတင်ပို့မှု ပိတ်ပင်ထားချိန်တွင် တစ်ကီလို ၂၀-၂၁ ရူပီးသို့ ထိုးကျသွားသည်။

အိန္ဒိယအစိုးရက ကြက်သွန်နီ ပြည်ပတင်ပို့မှုကို လွှတ်ပေးထားသော်လည်း လျော့နည်းစေရန် အောက်တိုဘာလ ၂၉ ရက်မှ စ၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ အနည်းဆုံး ပို့ကုန်ဈေးနှုန်း Minimum Export Price (MEP) ကို US$ 800 F.O.B ဟု ချမှတ်ထားခဲ့သည်။

ထို့နောက် ဒီဇင်ဘာလ ၇ ရက်တွင် ကြက်သွန်နီပြည်ပတင်ပို့မှုကို လုံးဝပိတ်ပင်လိုက်သည်။ ကြက်သွန်နီတင်ပို့မှု တားမြစ်ကြောင်းကြေညာပြီးနောက် ချက်ချင်းဈေးကျဆင်းသွားခဲ့သည်။ ကြက်သွန်နီအသစ်အထွက်များသည်။ အစိုးရခန့်မှန်းထားသည်ထက် ပိုများသည်။ အရည်အသွေးလည်းကောင်းသည်။ "ကျွန်တော်တို့က အရည်အသွေးကောင်းတဲ့ ကြက်သွန်နီတွေကိုရရှိနေပါတယ်။ မိုးသီးမုန်တိုင်းဒဏ်ခံခဲ့ရတဲ့ လယ်တွေပဲ ကြက်သွန်ခင်းတွေပျက်စီးသွားခဲ့ပါတယ်" ဟု ကုန်သည်တဦးက ပြောကြားသည်။

**Source economictimes**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/7320-onion.html

## ထိုင်းနိုင်ငံ၏ ဆန်တင်ပို့နိုင်မှုသည် ယခုနှစ်အတွင်း တန်ချိန် ၈ ဒသမ ၈ သန်းထိရောက်ရှိနိုင်မည်ဟု ဆန်ပို့ကုန်လုပ်ငန်းရှင်များက ခန့်မှန်း

ယခုနှစ်အတွင်း ထိုင်းဆန်တင်ပို့နိုင်မှုသည် အင်ဒိုနီးရှားနိုင်ငံ၏ မှာယူမှုမြင့်တက်လာမှုကြောင့် တန်ချိန် ၈ ဒသမ ၇ - ၈ ဒသမ ၈ သန်းထိ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

ယခုနှစ်အတွင်း ဆန်ဈေးမြင့်တက်လာမှုနှင့် နိုဝင်ဘာလနှင့်ဒီဇင်ဘာလများအတွင်း ပို့ကုန်ပမာဏမြင့်တက်လာခြင်းတို့ကြောင့် ဆန်ပို့ကုန်တန်ဖိုးကို ဘတ် ၁၈၀ ဘီလီယံခန့်မှန်းခဲ့ပါကြောင်း၊ ရာသီဥတုကောင်းမွန်မှုကြောင့် ပို့ဆောင်ရေးတွင် နှောင့်နှေးမှု မရှိခဲ့ပါကြောင်း၊ အဓိကဝယ်ယူသူများမှာ တန်ချိန် ၁ ဒသမ ၃ သန်း တင်သွင်းပြီးဖြစ်သည့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်မှ တန်ချိန် ၅,၀၀,၀၀၀ ဖြစ်ကြောင်း၊ ယခုနှစ်တွင်အင်ဒိုနီးရှားမှ ထိုင်းဆန်တန်ချိန် ၂ သန်းကို ဝယ်ယူရန်ကတိပြုခဲ့သည်ဟု ဝန်ကြီးချုပ်၏ အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေးမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပါကြောင်း၊ ထပ်မံဝယ်ယူမည့်

၁ သန်းအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်း သို့မဟုတ် အစိုးရအချင်းချင်းပုံစံဖြစ်နိုင်ကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌဖြစ်သူ Mr.Chookiat Ophaswongse က ပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံ အစားအစာဝယ်ယူရေးအေဂျင်စီ Bulog က ၅ ရာခိုင်နှုန်း ဆန်ကြိုတန်ချိန် ၅,၄၀,၀၀၀ ဝယ်ယူရေးအတွက် တင်ဒါခေါ်ယူခဲ့ပြီး တန်ချိန် ၂,၀၀,၀၀၀ ကို ထိုင်းနိုင်ငံမှ ဝယ်ယူခဲ့ပါကြောင်း၊ အင်ဒိုနီးရှားသည် ယခုနှစ်အတွင်း ဆန်တန်ချိန် ၃ သန်းနှင့် လာမည့်နှစ်တွင် တန်ချိန် ၁ - ၁ ဒသမ ၅ သန်း တင်သွင်းရန် လျာထားပါကြောင်း၊ ဈေးနှုန်းယှဉ်ပြိုင်နိုင်သဖြင့် အများစုကို ထိုင်းနိုင်ငံမှတင်သွင်းမည်ဖြစ်ကြောင်း Mr. Chookiat က ဖြည့်စွက်ပြောကြားခဲ့သည်။

ယခုနှစ် ပထမ ၁၀ လအတွင်းထိုင်းဆန်တင်ပို့မှုသည် တန်ချိန် ၆ ဒသမ ၉၂ သန်းဖြစ်ပြီး၊ ဘတ် ၁၃၆ ဘီလီယံရှိကြောင်း အကောက်ခွန်ဦးစီးဌာန၏ ထုတ်ပြန်ထားမှုအရ သိရှိရသည်။

**Source: www.bangkokpost. gov၊**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/article/Naypyitawstp_201220231030

## လန်ချန်း-မဲခေါင်ဒေသ နိုင်ငံများ၏ နို့စားနွားမွေးမြူရေး၊ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများကို အဆင့်မြှင့်တင်မည်




လန်ချန်း-မဲခေါင်ဒေသ နိုင်ငံများ၏ နို့စားနွားမွေးမြူရေး၊ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများကို လာမည့် ၂၀၂၄ ခုနှစ်မှစတင်၍ အဆင့်မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရပါတယ်။

လန်ချန်း-မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများမှ နို့စားနွားမွေးမြူရေးနှင့်နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများကို လာမည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစတင်၍ စီမံကိန်းချအဆင့်မြှင့်တင် ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်က အသိပေးကြေညာထားပါတယ်။

အဆိုပါစီမံကိန်းကို လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေဖြင့် ထိုင်းနိုင်ငံ Khon Kaen University က အကောင်အထည်ဖော်ဆောင်ရွက်မည့် LMC Strengthening Dairy Innovation (SDI) Programme ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလကနေ ဒီဇင်ဘာလအထိ ဆောင်ရွက်သွားမယ်လို့ဆိုပါတယ်။

ထိုကဲ့သို့ အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် တရုတ်၊ ထိုင်း၊ မြန်မာ၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတို့ ပါဝင်မည်ဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံများမှ မွေးမြူရေးဆိုင်ရာကျွမ်းကျင်သူများ၊ နို့စားနွားမွေးမြူသူများ၊ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်သူများအား နည်းပညာသင်တန်းများ ပို့ချပေးခြင်း၊ နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရပါတယ်။

အလားတူ ဒေသတွင်းနိုင်ငံများအကြား နို့စားနွားမွေးမြူရေးနှင့် နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးဆိုင်ရာ ကွန်ရက်ဖွဲ့စည်းတည်ထောင်ခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းအရဖွင့်လှစ်မည့်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကိုတော့ ၂၀၂၄ ခုနှစ် မေလတွင်စတင်နိုင်ရန် ပြင်ဆင်ထားကြောင်းသိရသည်။

**Opinion Leaders မှ ကူးယူဖော်ပြပါသည်။**

**Source: https://t.me/htwettoe**

# STOCK EXCHANGE (21.12.2023)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 21st Dec. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,959 (Shares) | 7,704,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,800 | 8,800 | 8,700 | 8 | 69,700 | 33,109,694 | 288,054 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 2,143 | 6,107,550 | 38,929,150 | 110,948 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 108 | 178,200 | 29,664,613 | 48,947 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 0 | 0 | 12,823,224 | 30,776 |
| EFR | 00006 | 2,000 | +0 | +0.00% | 1,950 | 2,000 | 1,950 | 310 | 605,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,700 | 27 | 127,200 | 10,497,598 | 50,389 |
| MAEX | 00008 | 1,700 | +50 | +3.03% | 1,700 | 1,700 | 1,700 | 363 | 617,100 | 23,804,946 | 40,468 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 21st Dec. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.62 | +0.63 | +0.17% | 365.62 | 366.84 | 365.06 | 2,959 | 7,704,750 | 8 | 689,625 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 21th Dec. 2023

| Trading Volume | Trading Value |
|---|---|
| 2,959 (Shares) | 7,704,750 (MMK) |

### Main Board

As of 1:00 pm, 21st Dec. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,959 (Shares) | 7,704,750 (MMK) |

| MYANPIX | 365.62 ▲ 0.63 |
|---|---|
| Total Volume (shares) | 2,959 |
| Total Value (MMK) | 8 mil |
| Listed Company | 8 |
| Market Cap. (MMK) | 689,625 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,700 | ▲ 50 |